# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 15 , 2024 Volume 74, Number 9

၁၅.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၆၅ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၇၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၅၂ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online –MyRo) စနစ်ဖြင့် မှတ်ပုံတင်ထားသည့် ဆန်သိုလှောင်ရုံများအား ကြည့်ရှုစစ်ဆေး



ပြည်တွင်းဈေးကွက်၌ ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ ပြည်ပသို့ ဆန်တင်ပို့မှု စနစ်တကျဆောင်ရွက်နိုင်ရေး၊ ဈေးကစားလိုသည့်ရည်ရွယ်ချက်ဖြင့် သမရိုးကျ ရောင်းဝယ်ခြင်းမဟုတ်သည့် လုပ်ငန်းများကိုထိန်းကျောင်းနိုင်ရေးနှင့် ဆန်စပါး သိုလှောင်မှုများ စနစ်ကျနမှုရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်း၍ ဆန်စပါးသိုလှောင်မှုကို Online မှ မှတ်ပုံတင်ခြင်းစနစ် (Myanmar Rice Online – MyRo) အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစနစ်ဖြင့် ကုမ္ပဏီလုပ်ငန်းများက မှတ်ပုံတင်ထားသည့် သိုလှောင်ရုံများအနက်မှ လှိုင်သာယာမြို့နယ်ရှိ MyRo စနစ်ဖြင့် မှတ်ပုံတင်ထားသော သိုလှောင်ရုံများသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် (၁၃-၁-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက ဆန်၊ စပါးသိုလှောင်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ဆက်လက်၍ ရန်ကုန်မြို့၊ ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်တွင် Warehouse Registration ဆောင်ရွက်ပုံအဆင့်ဆင့်အား သိုလှောင်ရုံများ၊ ပြည်ပတင်ပို့သည့် ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းများ၊ ဆန်လက်လီ/လက်ကားအရောင်းဆိုင်များ မှတ်ပုံတင်ခြင်းအား ကဏ္ဍအလိုက် ရှင်းလင်းပြသခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီးများမှ

တာဝန်ရှိသူများက အသုံးပြုရာတွင် လိုအပ်သည့်အချက်များအား ဆွေးနွေးခဲ့ကြကြောင်းနှင့် ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

Online မှ မှတ်ပုံတင်ခြင်းစနစ် (Myanmar Rice Online – MyRo) အား (၄-၁၁-၂၀၂၃) ရက်နေ့မှ စတင် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်နေပြည်တော်ကောင်စီနယ်မြေတို့မှ သိုလှောင်ရုံ (၁၈၃) လုံးအား မှတ်ပုံတင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## ပဲကြီးဈေး ကျရိပ်ပြလာပြီး ကုလားပဲ၊ စားတော်ပဲနဲ့နှမ်းမျိုးစုံ ဈေးတွေတက်နေ



ပြည်တွင်းစားသုံးမှု အဓိကဖြစ်တဲ့ ပဲကြီးက ဈေးအနည်းငယ်ကျရိပ်ပြပေမယ့် ကုလားပဲက ဈေးနှုန်းထပ်တက်လာသလို စားတော်ပဲနဲ့နှမ်းမျိုးစုံဈေးလည်း တက်လာပါတယ်။

**ကုလားပဲဈေးကွက်**

ကုလားပဲကတော့ ရန်ကုန်ရော မန္တလေးကုန်စည်ဈေးကွက်မှာပါ ဈေးနှုန်းတွေ ထပ်မံမြင့်တက်လာပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကုလားပဲဖြူလုံး တစ်ပိဿာကို ၅၁၆၅ ကျပ်မှ ၅၃၃၅ ကျပ်ရှိပြီး ကုလားပဲဖြူလုံးကြီး တစ်ပိဿာကို ၅၃၃၀ မှ ၅၅၀၀ ကျပ်ဈေးတန်းရှိလာတာကြောင့် ပြီးခဲ့တဲ့တစ်ပတ်နဲ့ယှဉ်ရင် တစ်ပိဿာကို ၄၀၀ ကျပ်အထက် ထပ်မံ မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ကုလားပဲ v2 က ၃,၁၀,၀၀၀ ကျပ်၊ ကုလားပဲ v7 ၃,၁၂,၅၀၀ ကျပ်၊ ကုလားပဲ 929 က ၂,၈၃,၀၀၀ မှ ၂,၈၅,၀၀၀ ကျပ်ဈေးပေါက်လို့ အရင်တစ်ပတ်ကထက် တစ်အိတ်ကို ၁၁,၀၀၀ မှ ၁၂,၅၀၀ ကျပ် ထပ်တက်လာတယ်လို့ သိရပါတယ်။

ကုလားပဲက ပြည်တွင်းစားသုံးမှုလည်းရှိသလို ပြည်ပတင်ပို့မှုလည်းရှိတာကြောင့် လက်ရှိကာလက ပြည်ပက ဝယ်လိုအားရှိချိန်နဲ့ ပြည်တွင်းပဲလက်ကျန်နည်းချိန် ကြုံနေတဲ့အတွက် ဈေးမြောက်လာတာဖြစ်ပါတယ်။

ဒါကြောင့် ပြည်ပကဝယ်လိုအားရှိလာချိန်နဲ့ ပြည်တွင်းလက်ကျန်နည်းတဲ့အချိန်တွေမှာ ဈေးတန်းက မြင့်တက်လာပြီး ဒေါ်လာဈေးအတက်အကျအပေါ်လိုက်ပြီးလည်း ဈေးနှုန်းမတည်ငြိမ်မှုဖြစ်တတ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။ ကုလားပဲအသစ်တွေက လာမဲ့ ဖေဖော်ဝါရီလကုန်နဲ့မတ်လလောက်မှာ စတင်ထွက်ရှိမှာဖြစ်ပြီး အသစ်ပေါ်ချိန်မှာလည်း ဈေးတန်းက အများကြီးကျဆင်းနိုင်တဲ့ အခြေအနေမရှိဘူးလို့ ကုန်သည်တွေက သုံးသပ်ထားပါတယ်။

မန္တလေးနဲ့အောင်လံကထွက်တဲ့ V2 ၊ V7 ကုလားပဲနဲ့ မြကြေးမုံ ကုလားပဲတွေက ပြည်ပကိုတင်ပို့မှုရှိပြီး ကျန်တဲ့ပဲတွေက ပြည်တွင်းစားသုံးမှု အဓိကဖြစ်ပါတယ်။

**ပဲကြီးဈေးကွက်**

ပဲကြီးကတော့ ပြည်တွင်းစားသုံးမှုသာအဓိကဖြစ်ပြီး အခုတစ်ပတ် ရန်ကုန်ဈေးကွက်မှာ ဈေးတန်းငြိမ်နေပြီး မန္တလေးကုန်စည်ဈေးကွက်မှာတော့ ကျရိပ်ပြလာပါတယ်။ ဒါပေမဲ့ ပြည်တွင်းစားသုံးမှုအဓိကဖြစ်လို့ ဈေးတန်းက အများကြီးကျဆင်းနိုင်ဖွယ်မရှိသလို ဈေးတက်နိုင်တဲ့အခြေအနေလည်းမရှိဘူးလို့ သိရပါတယ်။

မန္တလေးဈေးကွက်မှာ ပဲကြီး (လတ်) ၅၅ ဒသမ ၂၅ ပိဿာကို ၃,၈၀,၀၀၀ ကျပ်ရှိလို့ အရင်တစ်ပတ်ကထက် ၂၀,၀၀၀ ကျပ်ကျလာပြီး ပဲကြီး (သေး)က ၃,၆၅,၀၀၀ မှ ၃,၇၀,၀၀၀ ကျပ်ဈေးပေါက်လို့ အရင်တပတ်ကထက် ၅၀၀၀ မှ ၁၀,၀၀၀ ကျပ် ဈေးကျသွားတာတွေ့ရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ အကျမရှိဘဲ အရင်တစ်ပတ်ဈေးတန်းဖြစ်တဲ့ ပဲကြီး (ကုန်း) တစ်ပိဿာကို ၆၄၃၀ မှ ၆၇၈၅ ကျပ်ရှိပြီး ပဲကြီး (ရွှေကျွန်း) တစ်ပိဿာကို ၇၀၇၅ မှ ၇၄၃၅ ကျပ်ဈေးတန်းမှာပဲ ရှိနေပါတယ်။

လက်ရှိမှာ ပဲကြီးက လက်ကျန်အဟောင်းသာရှိပြီး ပဲအသစ်တွေက မပေါ်သေးပါဘူး။ ပဲအထွက်နှုန်းလျော့ကျရင် ဈေးက တက်နိုင်ပြီး အထွက်နှုန်းပိုလျှံရင်တော့ ဈေးတန်းက ပြန်အေးသွားနိုင်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

**နှမ်းဈေးကွက်**

နှမ်းကို တရုတ်ကအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်မှာ နှမ်းမျိုးစုံဈေးနှုန်းတွေ မြင့်တက်လာနေတယ်လို့ သိရပါတယ်။ မန္တလေးကုန်စည်ဈေးကွက်မှာ နှမ်းနက်စမုန်က ၄၅ ပိဿာကို ၃,၄၀,၀၀၀ ကျပ်မှ ၃,၈၀,၀၀၀ ကျပ်ဈေးပေါက်လို့ ၁၀,၀၀၀ ကျပ် တက်လာ၊ နှမ်းဖြူဂျပန်က ၃,၈၅,၀၀၀ ကျပ်မှ ၃,၉၀,၀၀၀ သိန်းဈေးပေါက်လို့ ၂၀,၀၀၀ ကျပ် တက်လာပြီး နှမ်းဖြူရိုးရိုးကလည်း ၃,၅၀,၀၀၀ ကျပ်မှ ၃,၆၅,၀၀၀ ကျပ် ဈေးပေါက်လို့ ၂၀,၀၀၀ ကျပ် တက်လာကာ နှမ်းညိုကလည်း ၂,၉၅,၀၀၀ ကျပ်မှ ၃,၀၀,၀၀၀ ကျပ်ဈေးပေါက်လို့ ၁၅,၀၀၀ ကျပ် တက်လာပါတယ်။

နှမ်းကို တရုတ်ကသာ အဓိကဝယ်ယူတာကြောင့် တရုတ်အဝယ်လိုက်ချိန် ဈေးတက်ပြီး ဝယ်လိုအားလျော့ပါက ဈေးတန်းက ပြန်အေးသွားတတ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။ တရုတ်က အက်ဆစ်လွတ်တဲ့နှမ်းကိုသာ အဓိက ဝယ်ယူတဲ့အတွက် အက်ဆစ်လွတ်တဲ့နှမ်းက ဈေးကောင်းရပါတယ်။

**စားတော်ပဲဈေးကွက်**

စားတော်ပဲကတော့ ပြည်တွင်းစားသုံးမှုသာအဓိကရှိပြီး လက်ရှိကာလမှာ ပဲလက်ကျန်အဟောင်း နည်းလာတာကြောင့် ဈေးတန်းက တက်လာတာဖြစ်တယ်လို့ သိရပါတယ်။

မန္တလေးကုန်စည်ဈေးကွက်မှာ စားတော်ပဲ(ကနေဒါ) ၅၉ ဒသမ ၂၅ ပိဿာကို ၂,၈၀,၀၀၀ မှ ၂,၈၂,၀၀၀ ကျပ်၊ စားတော်ပဲ (ယူကရိန်း) က ၂,၆၆,၀၀၀ ၂,၇၀,၀၀၀၊ စားတော်ပဲ (ကျွန်း) ၃,၁၀,၀၀၀ မှ ၃,၆၀,၀၀၀ ကျပ်ဈေးပေါက်နေလို့ အရင်တစ်ပတ်က ထက် တစ်အိတ်ကို ၁၀၀၀ မှ ၁၀,၀၀၀ ကျပ်အထိဈေးမြင့်တက်လာပါတယ်။

ပြည်တွင်းကထွက်ရှိတဲ့ စားတော်ပဲက စားသုံးမှုများပြီး အရသာနူးညံ့မှုရှိတာကြောင့် လက်ကျန်နည်းလာတဲ့အခါ ဈေးတန်းက အမြင့်ဆုံးဖြစ်နေတာဖြစ်ပါတယ်။

**Source: (AMIA)**

https://greenwaymyanmar.com/posts/bean_market_jan_12

## မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန် အရောင်းသွက်၍ ဈေးမြင့်လာ

ဇန်နဝါရီလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးမြို့အောက်ပိုင်းဒေသများမှ မြေပဲဆန်များ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်သွက်နေကြောင်းသိရသည်။ မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိပြီး၊ ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူနေသောကြောင့် မြေပဲဆန်တစ်ပိဿာလျှင် ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၁၄၀၀ ထိ မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၆၀၀ မှ ၈၂၀၀၊ ယခင်တစ်ပတ်ကျပ် ၇၃၀၀ မှ ၇၆၀၀၊ ယခင်လ ကျပ် ၆၂၀၀ မှ ၆၈၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၆၀၀၊ ယခင်လထက်ကျပ် ၁၄၀၀ မြင့်တက်လာသည်။

မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၆၈၀၀ မှ ၇၁၀၀၊ ယခင်တစ်ပတ်ကျပ် ၆၃၀၀ မှ ၆၈၀၀၊ ယခင်လကျပ် ၅၈၀၀ မှ ၆၂၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၅၀၀၊ ယခင်လထက်ကျပ် ၉၀၀ မှ ၁၀၀၀ မြင့်တက်လာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၇၀၀ မှ ၆၀၀၀၊ ယခင်တစ်ပတ်ကျပ် ၅၈၀၀ မှ ၆၂၀၀၊ ယခင်လကျပ် ၅၄၀၀ မှ ၅၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀ နိမ့်ကျလာပြီး၊ ယခင်လထက်ကျပ် ၃၀၀ မှ ၅၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

(၃၀-၁၂-၂၀၂၃ မှ ၅-၁-၂၀၂၄) ရက်နေ့ထိ ရက်သတ္တပတ်တွင်
ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၁၈၂၇ | ၇၀၇.၀၄၂ | ၂၄၈ | ၂၉၆.၉၈၇ | ၂၀၇၅ | ၁၀၀၄.၀၂၉ |
| ၂ | အမှန်တင်ပို့မှု | | ၁၅၈.၆၉၉ | | ၇၅.၄၇၅ | | ၂၃၄.၁၇၄ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၅၁.၃၇၈ | | ၁၅.၅၂၆ | | ၆၆.၉၀၄ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၁၀၉ | | ၀.၁၉၄ | | ၀.၃၀၃ |
| (ဂ) | ရေထွက်ပစ္စည်း | | ၆.၆၂၉ | | ၇.၄၀၂ | | ၁၄.၀၃၁ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၂.၉၀၆ | | ၀.၄၀၆ | | ၃.၃၁၂ |
| (င) | သစ်တောထွက်ပစ္စည်း | | ၁.၂၀၉ | | ၀.၀၀၀ | | ၁.၂၁၀ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၆၉.၁၅၂ | | ၅၁.၇၇၀ | | ၁၂၀.၉၂၃ |
| (ဆ) | အခြားပစ္စည်းများ | | ၂၇.၃၀၆ | | ၀.၁၇၅ | | ၂၇.၄၈၁ |

အဓိကပို့ကုန်အများဆုံး (၁၀)မျိုး စာရင်း
၁-၄-၂၀၂၃ မှ ၅-၁-၂၀၂၄ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချော်ပြီးအထည် | ခု | ၅၀၇၀၃၇၇၇၇ | ၃၃၀၈.၁၈၂ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၆၂၂၆၉၃၀၉ | ၂၅၉၃.၅၇၀ |
| ၃ | မတ်ပဲ | တန် | ၅၉၈၅၃၈ | ၅၄၁.၀၀၄ |
| ၄ | ဆန် +ဆန်ကွဲ | တန် | ၁၀၁၃၅၉၁ | ၄၈၉.၈၉၂ |
| ၅ | ပြောင်း | တန် | ၉၁၂၂၄၇ | ၂၈၃.၂၈၂ |
| ၆ | ငါး | တန် | ၂၂၉၆၈၉ | ၂၆၆.၂၀၈ |
| ၇ | ပဲတီစိမ်း | တန် | ၃၀၇၅၆၇ | ၂၀၈.၂၀၀ |
| ၈ | ရာဘာစိမ်း | တန် | ၁၀၉၃၅၄ | ၁၅၀.၁၀၈ |
| ၉ | ပဲစဉ်းငုံ | တန် | ၁၂၂၉၄ | ၁၁၀.၈၇၅ |
| ၁၀ | တစ်သျှူးငှက်ပျောသီး | တန် | ၂၅၉၅၉၈ | ၈၉.၉၁၆ |

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၅-၁-၂၀၂၄ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၇၁၂.၁၉၃ |
| ၂ | တရုတ် | ၂၂၆၁.၉၃၄ |
| ၃ | ဂျပန် | ၈၈၀.၁၀၂ |
| ၄ | အိန္ဒိယ | ၆၄၁.၃၇၆ |
| ၅ | အမေရိကန် | ၄၄၈.၁၆၉ |
| ၆ | ဂျာမနီ | ၄၁၀.၈၈၉ |
| ၇ | ပိုလန် | ၃၇၂.၃၅၄ |
| ၈ | စပိန် | ၃၃၅.၈၅၉ |
| ၉ | တောင်ကိုရီးယား | ၃၀၂.၉၇၀ |
| ၁၀ | အီတလီ | ၂၄၁.၂၁၆ |

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်မှ ဇန်နဝါရီလ ၅ ရက်ထိ ရက်သတ္တပတ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်ရရှိခဲ့သည်။ ယခု ရက်သတ္တပတ်တွင် လယ်ယာကဏ္ဍမှ ပြောင်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ထောပတ်ပဲ၊ မြေပဲဆန်၊ နှမ်း၊ ကြက်သွန်နီ၊ ချင်းခြောက်၊ မန်ကျည်းသီး၊ သစ်သီးဝလံကဏ္ဍမှ ဖရဲသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ တစ်သျှူး ငှက်ပျောသီး၊ ငှက်ပျောသီး(ရိုးရိုး) တို့တင်ပို့မှုပိုမိုခဲ့သည်။

တရုတ်နှစ်သစ်ကူးကာလ နီးကပ်လာသဖြင့် တရုတ်နိုင်ငံမှ မြန်မာ့သစ်သီးဝလံများအား ဝယ်လိုအား ပြန်လည်မြင့်တက်ခဲ့သည်။ ယခုရက်သတ္တပတ်တွင် ဖရဲ၊ သခွား (သခွားမွှေး)၊ ငှက်ပျောသစ်သီးဝလံများကို ကျိုင်းတုံ၊ လွယ်ဂျယ်၊ ကံပိုင်တည် နယ်စပ်တို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တန်ချိန် ၃၅,၀၀၀ ခန့်ထိတိုးတက်တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် တာချီလိတ်၊ မောတောင် နယ်စပ်တို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လိမ္မော်သီး၊ ထောပတ်သီး၊ ငှက်ပျောသီးများကိုလည်း တင်ပို့လျက်ရှိသည်။ ယခုအပတ် သစ်သီးဝလံတင်ပို့မှု တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်အထိရရှိခဲ့သည်။

မြန်မာ့ပြောင်းအား ထိုင်းနိုင်ငံမှ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုသည့် ကာလအစ ဖေဖော်ဝါရီလသို့ ရောက်ရှိတော့မည်ဖြစ်၍ ပြောင်းပိုမိုတင်ပို့လာနိုင်တော့မည်ဖြစ်သည်။ နှစ်စဉ် ပြောင်းစေ့တန်ချိန် ၂ ဒသမ ၆ သန်းအထိ တင်ပို့မှု ရှိရာ ယခုနှစ်တွင်လည်း ပြောင်းလုပ်ငန်းရှင်များအနေဖြင့် အဓိကဈေးကွက် ထိုင်းနိုင်ငံအပါအဝင် ပြောင်းဝယ်လိုအား များပြားသည့် ဖိလစ်ပိုင်၊ တရုတ်၊ စင်္ကာပူ၊ ဗီယက်နမ်နိုင်ငံများသို့ တိုးတက်တင်ပို့နိုင်ရေး၊ ယခင်ဈေးကွက်ရရှိတင်ပို့ခဲ့ပြီး လက်ရှိတင်ပို့မှုပျောက်ကွယ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်ဝမ်၊ မလေးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ယူအေအီး စသည့်ဈေးကွက်များသို့ ပြန်လည်တင်ပို့နိုင်ရေးကို ချိတ်ဆက်ဆောင်ရွက်နေကြပြီဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ လယ်ယာထွက်ကုန်များ တင်ပို့နိုင်သည့်နည်းတူ ယခုရက်သတ္တပတ်တွင် ရေထွက်ပစ္စည်း များကိုလည်း ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့်နယ်စပ်ကုန်သွယ်မှုတို့မှ ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့သည်။ ရေထွက်ကုန်များကို ယခုအပတ်တွင် ပင်လယ်ရေကြောင်း/လေကြောင်းဖြင့် နိုင်ငံပေါင်း ၂၀ သို့ တန်ချိန် ၃,၀၇၀ နှင့် တရုတ်၊ ထိုင်း အိမ်နီးချင်းနိုင်ငံ များသို့ နယ်စပ်စခန်းများမှတစ်ဆင့် တန်ချိန် ၇,၇၈၀၊ စုစုပေါင်း တန်ချိန် ၁၀,၈၅၀ တင်ပို့နိုင်ခဲ့သည်။ ပြည်တွင်းမွေးမြူရေး ငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမ၊ ငါးသိုင်းခေါင်းပွစသည့် အမျိုးအစားပေါင်း စုံလင်စွာ တင်ပို့မှုရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများတင်ပို့မှု ပမာဏကိုမြှင့်တင်ရာ၌ မွေးမြူရေး လုပ်ငန်းများနှင့် မွေးမြူရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန် တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုရှိ ပုစွန်မွေးမြူရေးကန်များမှ မွေးမြူထုတ်လုပ်သည့် ပနားမီးပုစွန်များကို တရုတ်၊ ဂျပန်ဈေးကွက်များသို့ တင်ပို့လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်ရှိ ပြည်ပတင်ပို့မှုအတွက်ရည်ရွယ်သည့် ငါးတန်မွေးမြူရေးစီမံကိန်းမှ ယခုနှစ်အတွင်း ပြည်ပ တင်ပို့နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၃) ရပ်အနက် ပထမဦးတည်ချက်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီ နည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်

တည်ဆောက်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များ ပိုမိုစိုက်ပျိုး၊ ထုတ်လုပ်၊ တိုးတက်တင်ပို့ ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပုစွန်အစုံ ပိဿာချိန် ၇၂,၀၀၀ အထိ တင်ပို့ရောင်းချ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပုစွန်အစုံပိဿာချိန် ၇၂,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အငယ်မ၏ ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ သန့်စင်၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် နိုဝင်ဘာလက ပုစွန်အစုံပိဿာချိန် ၅၇၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာ ကာလအတွင်း ပုစွန်အစုံ ပိဿာချိန် ၇၂၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အရင်ထက် ပုစွန်အစုံပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရတယ်။ ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း ရန်ကုန်ဈေးကွက်က အဝယ်လိုက်ခဲ့တာကြောင့် ပိဿာချိန် ၇၂,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရတယ်" ဟု ဒေါ်အငယ်မကပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ခဲ့သည့် ပုစွန်အမျိုးအစားများမှာ ပုစွန်ဘော့ချိတ်၊ ပုစွန်ဆိတ်၊ ပုစွန်ဆိတ်အကြီး၊ ပုစွန်တုပ်ကြီးတို့ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/50846

## မန္တလေးကုန်စည်ဒိုင်တွင် မတ်ပဲနှင့် ပဲစင်းငုံ (နီ) အိန္ဒိယမှအဝယ်လိုက်၍ ဈေးမြင့်လာ

ဇန်နဝါရီလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပို့ကုန်ပဲများအရောင်းအဝယ်သွက်လာပြီး ဈေးမြင့်လာကြောင်း၊ ဧရာဝတီမြစ်အထက်ပိုင်းနှင့် အညာဒေသဘက်မှ မတ်ပဲနှင့်ပဲစင်းငုံ(နီ) များဝင်ရောက်လျက်ရှိပြီး အိန္ဒိယနိုင်ငံမှ ဝယ်လိုအားရှိနေသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ပဲစင်းငုံ(နီ) ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃,၃၅,၀၀၀ ယခင်တစ်ပတ် ကျပ် ၃,၁၇,၀၀၀ မှ ၃,၁၈,၀၀၀ ၊ ယခင်လ ကျပ် ၃,၀၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၇,၀၀၀ မှ ၁၈,၀၀၀ ၊ ယခင်လထက် ကျပ် ၃၅,၀၀၀ မြင့်တက်လာသည်။

မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂,၈၀,၀၀၀ မှ ၂,၉၀,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂,၄၀,၀၀၀ မှ ၂,၈၅,၀၀၀၊ ယခင်လ ကျပ် ၂,၃၀,၀၀၀ မှ ၂,၇၈,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၄၀,၀၀၀၊ ယခင်လထက်ကျပ် ၁၂,၀၀၀ မှ ၅၀,၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်တွင်းဈေးကွက်တွင် ထောပတ်သီး အကျဘက်ရောက်ရှိနေ



ပြည်တွင်းဈေးကွက်တွင် ထောပတ်သီးများမှာ ပြည်ပတင်ပို့နိုင်မှု မရှိခြင်းနှင့် ဝယ်လိုအားထက် အထွက်နှုန်းများနေခြင်းကြောင့် ဈေးနှုန်းအကျဘက် ရောက်ရှိနေကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှသိရသည်။

ထောပတ်သီးမှာ ပြည်ပတင်ပို့မှုအခြေအနေအရ ထိုင်းဘက်သို့ ကျိုင်းတုံ၊ တာချီလိတ်လမ်းကြောင်းမှသာ တင်ပို့နေရသဖြင့် ပြည်တွင်းဈေးကွက်၌ ရောင်းချနေရခြင်းကြောင့် ဝယ်လိုအားနည်းပါးသွားသည်ဟု ယင်းအသင်းမှ တာဝန်ရှိသူကပြောသည်။ "ပြည်တွင်းဈေးကွက်မှာ ထောပတ်သီးက အကျဘက်ရောက်သွားတယ်။ ရာသီပေါ်စအချိန် နိုဝင်ဘာ၊ ဒီဇင်ဘာမှာ ဈေးကောင်းရခဲ့ပေမဲ့ ခုချိန်မှာ ပြည်ပတင်ပို့မှုအခြေအနေမကောင်းတာ နဲ့ အထွက်များပြီး ဝယ်လိုအားနည်းလို့ ဈေးနှုန်းကျလာတယ်ဟု ၎င်းကပြောသည်။


ထောပတ်သီးတွင် ပြည်ပတင်ပို့သည့် Hass အမျိုးအစား၊ အမရာ အမျိုးအစားများမှာ အရည်အသွေးနှင့် အရသာကောင်းမွန်သဖြင့် ပြည်တွင်းစားသုံးသူများက ဝယ်ယူမှုရှိသော်လည်း ဝယ်လိုအားထက် အထွက်နှုန်းများနေသဖြင့် အကျဘက်ရောက်ရှိနေကြောင်း သိရသည်။ "ထောပတ်သီး စိုက်ကေအနေနဲ့ပြောရင် လက်ရှိအခြေအနေမှာ စာရင်းကောက်နိုင်မှုမရှိသေးဘူး။ အရင်ကောက်ထားတဲ့ စာရင်းအရပြောရင် ဧကပေါင်း ၂၀,၀၀၀ နီးပါးလောက်ရှိပါတယ်။ ပြည်ပနိုင်ငံတွေက မြန်မာထောပတ်သီးဝယ်လိုအားနဲ့ အမှာတွေရှိပေမဲ့ တင်ပို့နိုင်မှုမရှိသေးတော့ ပြည်တွင်းဈေးကွက်မှာပဲ ရောင်းနေရတယ်ဟု ၎င်းကပြောသည်။

ပြည်တွင်းမှ ထောပတ်သီး ထွက်ရှိရာဒေသများမှာ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပြင်ဦးလွင်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(နာဂဒေသ)တို့ ဖြစ်ပြီး စိုက်ပျိုးထွက်ရှိကြောင်း၊ Hass အမျိုးအစားထောပတ်သီးများမှာ ရာသီပေါ်ချိန်က ငွေကျပ် ၆၀၀၀ မှ ၇၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ လက်ရှိတွင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ဝန်းကျင်ရှိပြီး အကျဘက်သို့ ရောက်ရှိနေကြောင်း သိရသည်။

ပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ တင်ပို့နိုင်ခြင်းမရှိသေးဘဲ ထိုင်းဘက်သို့ တာချီလိတ်နယ်စပ်လမ်းကြောင်းမှ တင်ပို့ကြောင်း၊ ထောပတ်သီးဈေးကွက်မှာ လက်ရှိတွင် ဈေးကွက်ကောင်းမွန်သည်ဟုမဆိုနိုင်ဘဲ ရေရှည်ဈေးကွက်တွင် အလားအလာကောင်းသော နှစ်ရှည်သီးနှံဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရော်ဘာဈေးနှုန်း တည်ငြိမ်နေပြီး ပြည်တွင်း၌ ရောင်းလိုအားများနေ




လတ်တလောတွင် ပြည်တွင်း ရော်ဘာဈေးကွက်၌ ဈေးနှုန်းတည်ငြိမ်နေပြီး ရောင်းလိုအားများနေကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ် ရောင်းချသူများထံမှ သိရသည်။

လက်ရှိတွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ရော်ဘာခြံလုပ်ငန်း လုပ်ကိုင်နေကြသူများ အနေဖြင့် ရော်ဘာမှိုင်းကျ တစ်ပေါင်လျှင် ၁၅၈၀ ကျပ်ဖြင့် ရောင်းချနေရကြောင်း သိရသည်။ "ရော်ဘာဈေးနှုန်းက ဒီဈေးနဲ့ငြိမ်နေတာကြာပြီ၊ တစ်ရက်ကို ပေါင် နှစ်သောင်းခွဲကနေ သုံးသောင်းကျော် ဝယ်နေရတယ်။ နေလှန်းပြားတစ်ပေါင် ၁၃၄၀ ကျပ်ဈေးနဲ့ နေလှန်းပြားပဲ လာရောင်းတဲ့သူများပါတယ်။ နေလှန်းပြားကို စက်ရုံပို့ မှိုင်းတင်ပြီးမှပဲ ဝယ်လက်တွေကို

ပေါက်ဈေးအတိုင်း ပြန်ရောင်းပါတယ်”ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးမှ မန်နေဂျာဖြစ်သူ ကိုဝေယံကပြောသည်။

ရော်ဘာခြံစိုက်ပျိုးသူ တောင်သူများကလည်း အလုပ်သမားရရှိမှုအပေါ်မူတည်၍ ရရှိသည့် ရော်ဘာနေလှန်းပြားများကို တစ်လတစ်ခါ လာရောက်ရောင်းချကြောင်း ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာမှ ဒေါ်လှဝင်းကပြောသည်။

“နယ်စပ်ကုန်သွယ်ရေးက ရပ်ဆိုင်းသွားတော့ ထိုင်းရော်ဘာဈေးက ၂၅၉၉ ဖြစ်နေချိန်မှာ မြန်မာ့ရော်ဘာဈေးက ၁၅၀၀၊ တစ်ပေါင်ကို ၁၀၀၀ ကွာနေတယ်။ လုပ်ငန်းရှင်တွေ ဈေးကွက်ရှာသလို အစိုးရကလည်း အဝယ်ရှာပေးမှ ပြည်တွင်း ထုတ်ကုန်ကဏ္ဍတိုးတက်မှာပါ”ဟု ရော်ဘာလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ရော်ဘာစတင်ချိန် အောက်တိုဘာ ပထမအပတ်က မှိုင်းကျတစ်ပေါင် ကျပ် ၁၇၀၀၊ နေလှန်းပြား တစ်ပေါင် ၁၄၅၅ ကျပ်ဖြင့် စတင်ခဲ့သော်လည်း ယခုရာသီအလယ်တွင် ဈေးနှုန်းမှာတည်ငြိမ်လျက်ရှိပြီး ပြည်တွင်းရောင်းလိုအားက များနေကြောင်း ရော်ဘာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေကြသူများထံမှ သိရသည်။

**Source:** https://www.popularmyanmar.com/?p=145261

## STOCK EXCHANGE (15.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,477 (Shares) | 17,189,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +200 | +2.30% | 8,700 | 8,900 | 8,700 | 1,308 | 11,380,000 | 33,109,694 | 294,676 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,800 | 324 | 908,350 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 152 | 235,600 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 1 | 2,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 310 | 605,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,382 | 4,058,500 | 23,804,946 | 40,468 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,477 (Shares) | 17,189,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +200 | +2.30% | 8,700 | 8,900 | 8,700 | 1,308 | 11,380,000 | 33,109,694 | 294,676 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,800 | 324 | 908,350 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 152 | 235,600 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 1 | 2,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 310 | 605,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,382 | 4,058,500 | 23,804,946 | 40,468 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 4,477 (Shares) | 17,189,950 (MMK) |

### Main Board

As of 1:00 pm, 15th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,477 (Shares) | 17,189,950 (MMK) |

| MYANPIX | 368.78 ▲ 5.07 |
|---|---|
| Total Volume (shares) | 4,477 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,592 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 200 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |

TIR